# Myanmar Technologies And Investment Corporation Limited (MTI)

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး

## အစည်းအဝေးမှတ်တမ်း

**အခမ်းအနားအစီအစဉ်**

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးအခမ်းအနား ဖွင့်လှစ်ကြောင်းကြေငြာခြင်း။

၂။ ဒါရိုက်တာအဖွဲ့၏ဥက္ကဋ္ဌ ဦးထင်အောင်ခိုင်မှ အဖွင့်အမှာစကားပြောကြားခြင်းနှင့် ဒါရိုက်တာအဖွဲ့၏လုပ်ငန်း အစီရင် ခံစာများကိုတင်ပြခြင်း။

၃။ ဒါရိုက်တာအဖွဲ့ဝင် ဦးမင်းဦးမှ နှစ်ချုပ်စာရင်းများကို တင်ပြအတည်ပြုခြင်း။

၄။ စာရင်းစစ်အဖွဲ့ဝင် ဦးဝင်းဗလမင်း မှ စာရင်းစစ်အစီရင်ခံစာကိုဖတ်ကြားအတည်ပြုခြင်း။

၅။ အစုရှယ်ယာရှင်များကကြိုတင်ပေးပို့ထားသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားခြင်း။

၆။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့ဝင်များ နုတ်ထွက်ခြင်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာ အသစ်များရွေးချယ်ခန့်ထားခြင်းအား အတည်ပြုခြင်း။

၇။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးမှ အမှာစကားပြောကြားခြင်း။

၈။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ်ရွေးချယ်ခန့်ထားခြင်း။

၉။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီးပြီးဆုံးကြောင်း ကြေငြာခြင်းနှင့် ကြွရောက်လာသူများအားအကျွေးအမွေးဖြင့်ဧည့်ခံခြင်း။

နေ့ရက် ။ ။ **၂၀၁၇ ခုနှစ် ဩဂုတ်လ (၁၉) ရက် (စနေနေ့)**

အချိန် ။ ။ **နေ့လယ် (၂း၀၀) နာရီ မှ ညနေ (၄း၀၀) ထိ**

နေရာ ။ ။ **Conference Hall, MICT Park, လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

အစည်းအဝေးသို့ပူးတွဲပါပုဂ္ဂိုလ်များတက်ရောက်ကြပါသည်။အစည်းအဝေးတွင်သဘာပတိအဖြစ်ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးထင်အောင်ခိုင်မှ ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဒေါ်ယုယုခိုင်မှ ဆောင်ရွက်ပါသည်။

**အစီအစဉ် (၁) အရ** - အခမ်းအနားမှူးဒေါ်ယုယုခိုင်မှ အခမ်းအနားအစီအစဉ်များကို ဦးစွာဖတ်ကြားပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး အခမ်းအနားစတင်ဖွင့်လှစ်ကြောင်း ကြေညာပါသည်။

**အစီအစဉ် (၂) အရ** - ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးထင်အောင်ခိုင်မှ အဖွင့်အမှာစကားပြောကြားရာတွင်၊

"ကြွရောက်လာကြတဲ့ MTI Corporation အများပိုင်ကုမ္ပဏီရဲ့ အစုရှယ်ယာရှင်လူကြီးမင်းများ၊ "Win Thin & Associate" မှ ဆရာကြီး ဦးဝင်းသင်နှင့် စာရင်းစစ်အဖွဲ့ဝင်များအားလုံးကို BOD အဖွဲ့၏ ကိုယ်စား ကျွန်တော်အနေနဲ့ မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။

ကျွန်တော်များ MTI Corporation ရဲ့ နှစ်ပတ်လည် အထွေထွေအစည်းအဝေး ကျင်းပခဲ့သည်မှာ ယခုအကြိမ်ဆိုရင် (၄) ကြိမ်မြောက်ရှိခဲ့ပြီဖြစ်ပါတယ်။

မိမိတို့ကုမ္ပဏီသည် စတင်တည်ထောင်ခဲ့စဉ်ကတည်းက အများပိုင်ကုမ္ပဏီတခုအဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး Paid up Capital မှာ ကျပ်သန်း ၁,၅၀၀ ဖြင့်သာစတင်ခဲ့တာဖြစ်ပါတယ်။ နိုင်ငံတော်အဆင့် Project ကြီးတစ်ခုဖြစ်သည့် သီလဝါ SEZ တွင် ရင်းနှီးမြှုပ်နှံခွင့်ရရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ပထမဦးဆုံးအကြိမ် Rights Issue ခေါ်ယူခဲ့ရာ ကျပ်သန်း ၁,၆၀၅ ရရှိခဲ့သည့်အတွက် စုစုပေါင်း Paid up Capital မှာ ကျပ်သန်းပေါင်း ၃,၁၀၅ အထိ မြင့်တက်လာခဲ့ပါတယ်။ ယခုဆိုလျှင် Financial အချက်အလက်များ အားတွက်ချက်ပြီး အစုရှယ်ယာတစ်စု၏ တန်ဖိုးမှာ ၃ ဆ ကျော်ရှိနေပြီဖြစ်ပါတယ်။

MTI Corporation အား စတင်တည်ထောင်ခဲ့စဉ်က BOD (၉)ဦးဖြင့် ရွေးချယ်တင်မြှောက်ခဲ့ပြီး ဒုတိယအကြိမ်အထွေထွေအစည်းအဝေး ကျင်းပခဲ့သည့် ၂၀၁၅ ခုနှစ်မှ စတင်ပြီး လုပ်ငန်းလိုအပ်ချက်အရ BOD (၁၁) ဦး အထိ တိုးမြှင့်ခန့်အပ်ခဲ့ပါသည်။ ယခု ၂၀၁၇ ခုနှစ်မှာတော့ မိမိတို့ ကုမ္ပဏီအား IPO Readiness သို့သွားရန် ပြင်ဆင်ဆောင်ရွက်မှုများအား စတင်လုပ်ဆောင်ရတော့ မှာဖြစ်တာကြောင့် နောင်နှစ်ကျင်းပမည့် AGM မတိုင်ခင်မှာ Independent Director (၂)ဦး အားခန့်အပ်သွားပြီး နောင်နှစ် AGM မှာအတည်ပြုသွားမှာ ဖြစ်ပါကြောင်းကိုလည်း အစုရှယ်ယာရှင်အားလုံးသို့ အသိပေးပြောကြားလိုပါတယ်။

ဒါအပြင် လက်ရှိ BOD အာလုံးဟာ နောင်နှစ်ကျင်းပမည့် AGM မှာ နုတ်ထွက်ပြီး ကနဦး အစုရှယ်ယာရှင်များထဲမှ ပြန်လည်ရွေးကောက်တင်မြှောက်ပြီး၊ BOD (၉) ဦးဖြင့် ဖွဲ့စည်းသွားမှာဖြစ်ပါတယ်၊ ဒါကြောင့် Independent Director (၂)ဦး အပါအဝင် စုစုပေါင်း ဒါရိုက်တာအဖွဲ့ဝင် (၁၁)ဦး အားထားရှိသွားမှာပဲဖြစ်ပါတယ်။

မိမိတို့ကုမ္ပဏီအနေဖြင့် ယခုအချိန်အထိ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားတဲ့ လုပ်ငန်းများထဲတွင် သီလဝါ အထူးစီးပွားရေးဇုန်မှ နှစ်စဉ်အမြတ်ငွေများရရှိလျှက်ရှိရာ ၂၀၁၅ ခုနှစ်မှာ ကျပ်သန်း ၃၉၀၊ ၂၀၁၆ ခုနှစ်တွင် ကျပ်သန်း ၄၇၀ နှင့် ယခုနှစ် ၂၀၁၇ တွင် ကျပ်သန်း ၄၆၀ ဝန်းကျင်ရရှိမယ်လို့ ခန့်မှန်းထားတဲ့အတွက် စတင်ရင်းနှီးမြှုပ်နှံခဲ့တဲ့ ငွေပမာဏ ကျပ်သန်း ၁၉၅၀ ရဲ့ ၆၇% ကျော် ပြန်လည်ရရှိခဲ့တာပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း ယခုနှစ် AGM မှာ အစုရှယ်ယာရှင်များအား Dividend ပေးရန်အတွက်လည်း မိမိတို့ ဒါရိုက်တာအဖွဲ့မှ ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါတယ်။ Dividend ပေးနိုင်သည့်အခြေအနေဖြစ်လာတာကြောင့် မိမိတို့ ဒါရိုက်တာအဖွဲ့အနေဖြင့်လည်း ဟိုးယခင် ကုမ္ပဏီ စတင်တည်ထောင်စဉ်က သဘောတူညီထားခဲ့သည့်အတိုင်း BOD Bonus ကိုလည်း စတင်ယူရန် သဘောတူခဲ့ကြပါတယ်။ ဒုတိယပိုင်းအစီအစဉ်ရှိတဲ့အတွက်ကြောင့် အဲဒီမှာ အသေးစိတ်ကို ဆက်လက်ဆွေးနွေးသွားပါ့မယ်။

နောက်ထပ်ရင်းနှီးမြှုပ်နှံခဲ့သည့် လုပ်ငန်းကတော့ MPSS မှာပဲဖြစ်ပြီး၊ ပိုင်ဆိုင်မှု ၄၅% ဖြစ်ပါတယ်။ ယခုအခါ 4th Operator နှင့် ဆက်နွယ်သည့် Mobile Top-up နှင့် Payment Services ကဲ့သို့သော လုပ်ငန်းများအား လုပ်ကိုင်နိုင်ရန် ကြိုးစားအားထုတ်လျှက်ရှိပါတယ်။

နောက်ထပ်ရင်းနှီးမြှုပ်နှံမှု တစ်ခုအနေဖြင့် MTI Corporation စတင်တည်ထောင်စဉ်က လုပ်ကိုင်ဆောင်ရွက်မည့် လုပ်ငန်းများအနက် တစ်ခုအပါအဝင်ဖြစ်သည့် Telecom Operator လုပ်ငန်းအား လုပ်ကိုင်မည့်

MNTH တွင်လည်း ရင်းနှီးမြှုပ်နှံနိုင်ခဲ့ပြီဖြစ်ပါတယ်။ MNTH သည် Star High Co., Ltd နှင့် နိုင်ငံခြား ဆက်သွယ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် Viettel ကုမ္ပဏီတို့နှင့် ပူးပေါင်းပြီး Telecom International Myanmar Co., Ltd. (TIM) အား တည်ထောင်ကာ မကြာမီအချိန်အတွင်း အခြားသော ဆက်သွယ်ရေး အော်ပရေတာ (၃)ခု နှင့်ယှဉ်ပြိုင်ပြီး ဝန်ဆောင်မှုကောင်းများဖြည့်စည်းပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျှက်ရှိနေပြီဖြစ်ပါတယ်။

ယခုအချိန်အထိ MNTH တွင် ကျပ်ငွေသန်းပေါင်း ၄,၀၀၀ ကျော်ရင်းနှီးမြှုပ်နှံခဲ့ပြီးဖြစ်ရာ မကြာမီအချိန်တွင် အမေရိကန်ဒေါ်လာ ၃ သန်းနှင့်ညီမျှသည့် ငွေအား ထပ်မံထည့်ဝင်ရတော့မှာပဲဖြစ်ပါတယ်။ ဆက်စပ်ပြီး ပြောကြားလိုတာကတော့ MPSS ရင်းနှီးမြှုပ်နှံမှုမှ ၂၅% ကိုပြန်လည်ထုတ်ယူပြီး MNTH မှာရင်းနှီးမြှုပ်နှံခဲ့ပါတယ်။ နောင်အနာဂါတ်မှာလည်း MPSS မှာပြန်လည် ရင်းနှီးမြှုပ်နှံဖို့အစီအစဉ်လည်းရှိပါတယ်။

ဒါကြောင့် ယနေ့ကျင်းပတဲ့ AGM မှာ အစုရှယ်ယာရှင်များကို Rights Issue ထပ်မံခေါ်ယူရတော့မယ် ဆိုတာကိုလည်း အသိပေးပြောကြားလိုပါတယ်။ အသေးစိတ်ကိုတော့ ယနေ့ AGM ရဲ့ ဒုတိယပိုင်း အစီအစဉ်မှာ ဆက်လက်ရှင်းလင်း ပြောကြားသွားမှာပဲဖြစ်ပါတယ်။

4th Operator TIM နှင့် ဆက်စပ်သည့် လုပ်ငန်းများလုပ်ကိုင်ရန် ဖွဲ့စည်းတည်ထောင်ထား သော Myanmar Communication Infrastructure Development Co., Ltd. တွင်လည်း အစုရှယ်ယာ ၂၅% ထည့်ဝင်ထားခဲ့ပါတယ်။ MCID သည် ဆက်သွယ်ရေးတာဝါတိုင်များတည်ဆောက်ခြင်းနှင့် အခြားသော ဆက်သွယ်ရေး အခြေခံအဆောက်အအုံလုပ်ငန်းများလုပ်ကိုင်ရန် ကြိုးပမ်းအားထုတ်လျှက်ရှိပါတယ်။

ယခုအခါ မိမိတို့ MTI အနေဖြင့် ရင်းနှီးမြှုပ်နှံရန်ပြင်ဆင်လျှက်ရှိတဲ့ လုပ်ငန်းတစ်ခုကတော့ ကျောက်ဖြူ ရေနက်ဆိပ်ကမ်းနဲ့ အထူးစီးပွားရေးဇုန်ပဲဖြစ်ပါတယ်။ အားလုံးသိရှိကြတဲ့အတိုင်းပဲ ဒီလုပ်ငန်းကြီးကို တရုပ်နိုင်ငံမှ CITIC ကုမ္ပဏီနှင့် မြန်မာဖက်ခြမ်းမှ GDE အနေဖြင့်ဖွဲ့စည်းထားသည့် Myanmar Kyauk Phyu SEZ Holding Consortium (MKSHC) တို့ ပူးပေါင်းပြီး မကြာမီအကောင်အထည်ဖေါ်ဆောင်ရွက်တော့မှာပဲဖြစ်ပါတယ်။ သို့သော် လည်း ရင်းနှီးမြှုပ်မှုပမာဏ ကြီးမားလွန်းတာကြောင့် မိမိတို့ အနေဖြင့် အမြဲမပြတ်လေ့လာစောင့်ကြည့်လျှက် ရှိပါတယ်။

ကျွန်တော်များ BOD အဖွဲ့ အနေဖြင့် MTI Corporation ၏ ယခုလက်ရှိ Paid up Capital နှင့် လုပ်ကိုင်နေရသည့် လုပ်ငန်းအနေအထားကို ကြည့်မည်ဆိုပါက မိမိတို့ BOD အဖွဲ့ဟာ ပြီးခဲ့တဲ့သက်တမ်းများမှာ Challenging အပြည့်နဲ့ ကြိုးစားလုပ်ဆောင်ခဲ့ပါတယ်။ ယခုလည်းဆက်လက်ဆောင်ရွက်လျှက်ရှိပါတယ်။ Challenging ရှိသလို Opportunities တွေကလည်း ကျွန်တော်တို့ကို စောင့်နေပါတယ်၊ ဒါကြောင့်လဲ မကြာမီ လုပ်ကိုင်ရတော့မဲ့ Telecom နှင့် ကျောက်ဖြူစီမံကိန်းတွေမှာ ရှယ်ယာများထည့်ဝင်ရတော့မှာဖြစ်သည့်အတွက် Rights Issue ရှယ်ယာများကို မကြာမီတွင် ခေါ်ယူရတော့မှာ ဖြစ်သလို အကယ်၍ လိုအပ်သည့် ရင်းနှီးမြှုပ်နှံငွေ မပြည့်မီပါက ကနဦးအစုရှယ်ယာ ရှင်မဟုတ်သည့် ပြင်ပပုဂ္ဂိုလ်များကိုပါ တစ်ဆင့်ပြီးတစ်ဆင့် ကမ်းလှမ်းရတော့မှာ ပဲဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာလည်း ကျွမ်းကျင်သည့် Consultant များနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်သွား မှာပဲဖြစ်ပါတယ်။

နိုင်ငံချုပ်အနေနဲ့ ပြောချင်တာကတော့ မကြာသေးခင်က DICA မှထုတ်ပြန်တဲ့ အများပြည်သူများသို့ အစုရှယ်ယာခေါ်ယူနိုင်သော အများပိုင် Company (၅၅)ခုမှာ MTI သည်လည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်၊ MTI Corporation ဟာ နောင်မှာလည်း မြန်မာတစ်နိုင်ငံလုံးနှင့် စိတ်ပါဝင်စားသူ မည်သူမဆို အစုရှယ်ယာရှင်များကို ဖိတ်ခေါ်သွားရမှာပဲဖြစ်ပါတယ်၊ မိမိတို့ ဒါရိုက်တာအဖွဲ့ဝင်များအနေဖြင့် အစုရှယ်ယာရှင်များ အကျိုးအမြတ်များ နိုင်ရေးအတွက်သာမကပဲ ကျွန်တော်တို့ရဲ့ အနာဂတ်မျိုးဆက်သစ်များအားလုံးအတွက် ဦးတည်ပြီး မိမိတို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းလုပ်ကိုင် သွားကြမယ်ဆိုတာ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။"

**အစီအစဉ် (၃) အရ** - ဒါရိုက်တာအဖွဲ့ဝင် ဦးမင်းဦးမှ နှစ်ချုပ်စာရင်းများကိုဖော်ပြအတည်ပြုရာတွင် -

"ယနေ့ကျင်းပတဲ့ MTI Corporation ရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ "Win Thin & Associate" မှ ဆရာကြီးဦးဝင်းသင်နှင့် စာရင်းစစ်အဖွဲ့ဝင်များ ကျွန်တော်များ MTI ရဲ့ အစုရှယ်ယာရှင်လူကြီးမင်းများအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် စာရင်းရှင်းတမ်းအသေးစိတ်အား တက်ရောက်လာကြသူအားလုံးသို့ ကြိုတင်ဝေပြီးသားဖြစ်ပါတယ်၊ ကျွန်တော်အနေနဲ့ Officially တက်ရောက်ဖတ်ကြားခြင်းဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ် မတ်လ (၃၁)ရက် နေ့တွင်ရှိသည့် Non-Current Assets တွေကိုကြည့်မယ်ဆိုရင် Property and equipment က 20,247,015.12 ကျပ် ဖြစ်ပါတယ်၊ Intangible assets အနေနဲ့ကတော့ 43,335,097.43 ကျပ်ဖြစ်ပါတယ်၊ Available for sale financial assets ကတော့ 11,977,100,000.00 ကျပ် ဖြစ်ပြီး Investments in associates အနေနဲ့ကတော့ 281,816,968.68 ကျပ်ဖြစ်ပြီးတော့ စုစုပေါင်း Assets အနေနဲ့ 12,322,499,081.23 ကျပ်ရှိတယ်ဆိုတာကို တွေ့ရမှာပဲဖြစ်ပါတယ်၊ Current Assets အနေနဲ့ကြည့်မယ်ဆိုရင်တော့ Advances and prepayment မှာတော့ 75,468,000.00 ကျပ် ရှိပါတယ်၊ Cash and bank deposits ကတော့ 166,463,174.19 ကျပ်ရှိပြီး Total Assets ကတော့ 12,564,430,255.42 ကျပ်ပဲ ဖြစ်ပါတယ်၊ နောက်တခါ Equity and liabilities ကိုကြည့်မည်ဆိုပါက Equity အနေနဲ့ကတော့ ကျွန်တော်တို့ရဲ့ Capital အရ Value per share Kyats 10,000/- ဖြစ်ပါတယ်။ Authorized ရှယ်ယာကတော့ 100,000,000 Shares ပဲဖြစ်ပါတယ်၊ Issue and paid-up capital ကိုကြည့်မယ်ဆိုရင်တော့ 3,105,000,000.00 ကျပ် ဖြစ်ပါတယ်။ Fair value reserve ကတော့ 5,762,900,000.00 ကျပ်ဖြစ်ပါတယ်။ Retained earnings အနေနဲ့ကတော့ 670,660,782.42 ကျပ် ဖြစ်ပြီးတော့ Equity အနေနဲ့ကြည့်မယ်ဆိုရင် 9,538,560,782.42 ကျပ် ဖြစ်ပါတယ်။ Non-Current liabilities မှာတော့ Convertible loan အနေနဲ့ကတော့ 200,000,000.00 ကျပ်ရှိပါတယ်။ Current liabilities မှာတော့ Short term loan အနေနဲ့ကတော့ 2,800,000,000.00 ကျပ်ရှိပါတယ်။ Other payables ကတော့ 25,869,473.00 ကျပ် ဖြစ်ပါတယ်။ Total Equity and liabilities ကတော့ 12,564,430,255.42 ကျပ် ဖြစ်ပါတယ်ဆိုတာတင်ပြရင်း နိဂုံးချုပ်ပါတယ်" ဟု ရှင်းလင်းတင်ပြခဲ့ပါသည်။

အခမ်းအနားမှူး ဒေါ်ယုယုခိုင်မှ ဒါရိုက်တာအဖွဲ့ဝင် ဦးမင်းဦး ဖတ်ကြားသွားခဲ့သော နှစ်ချုပ်စာရင်းများကို တက်ရောက်လာကြသူ အစုရှယ်ယာရှင်များအား **"သဘောတူပါသလား"** ဟု သုံးကြိမ်တိတိ မေးမြန်းရာတွင် တက်ရောက်လာကြသူအစုရှယ်ယာရှင်များအားလုံးမှ **"သဘောတူပါသည်"** ဟု သုံးကြိမ်တိတိ ပြန်လည်ဖြေကြားသဖြင့် နှစ်ချုပ်စာရင်းများကို အတည်ပြုကြောင်း ကြေညာပါသည်။

**အစီအစဉ် (၄) အရ** - စာရင်းစစ်အဖွဲ့ဝင် ဦးဝင်းဗလမင်း မှ စာရင်းစစ်အစီရင်ခံစာကိုဖတ်ကြားအတည်ပြုရာတွင်-

"Win Thin & Associates" စာရင်းစစ်အဖွဲ့မှ စာရင်းစစ်အစီရင်ခံစာအား ဦးဝင်းဗလမင်းက ဖတ်ကြားရာတွင် တက်ရောက်လာကြသော အစုရှယ်ယာရှင်လူကြီးမင်းများအား ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်သည့် ၂၀၁၇ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ပြင်ပစာရင်းစစ်အစီရင်ခံစာအား အများလွယ်ကူစွာနားလည်နိုင်စေရန်အတွက် မြန်မာဘာသာဖြင့် နှစ်ချုပ်စာရင်းများအား အသေးစိတ်ရှင်းလင်းဖတ်ကြားအတည်ပြုခဲ့ပါသည်။

**အစီအစဉ် (၅) အရ** - အစုရှယ်ယာရှင်များကကြိုတင်ပေးပို့ထားသည့်မေးမြန်းချက်များနှင့် ပတ်သက်ပြီး အခမ်းအနားမှူးမှ ပြောကြားရာတွင် အစုရှယ်ယာရှင်များထံမှ မေးခွန်းတစ်စောင် ရရှိထားပါကြောင်း၊ ၎င်းမေးခွန်းမှာ ဒေါက်တာမျိုးနိုင်ထံမှ အီးမေးလ်ဖြင့်လက်ခံရရှိထားခြင်းဖြစ်ပြီး (၁) Share ဈေး ယခု ဘယ်လောက်ဖြစ်နေပါပြီလဲ၊ (၂) ဘယ်တော့ Listed ဖြစ်မှာလဲဟုဖြစ်ပြီး ၎င်းမေးခွန်းအား MTI ဥက္ကဋ္ဌ ဦးထင်အောင်နိုင်မှ ပြန်လည်ဖြေကြားပေးပါရန် အခမ်းအနားမှူးမှ ပန်ကြားရာ ဦးထင်အောင်နိုင်မှ -

"အခုလိုမေးခွန်းများအားမေးမြန်းပေးသည့် အစုရှယ်ယာရှင် ဒေါက်တာမျိုးနိုင်ကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်၊ ရှေ့တွင်လည်းပဲ ကျွန်တော်အနေနဲ့ ပြောပြသွားပြီးဖြစ်ပါတယ်၊ အစုရှယ်ယာဈေး ဘယ်လောက်ဖြစ်နေပြီလဲ ဆိုတာကတော့ တတ်သိကျွမ်းကျင်တဲ့ ပညာရှင်များဖြင့်တွက်ချက်ထားတာကတော့ မူလဈေးနှုန်းရဲ့ (၃) ဆ ကျော်ရှိနေပြီဖြစ်ပါတယ်။ ရှယ်ယာရှင်တွေအနေနဲ့ အရောင်းအဝယ်ပြုလုပ်လိုပါက MTI ရဲ့ရုံးမှာ အရောင်း/ဝယ် အဆိုပြုလွှာများလာရောက်တင်ထားနိုင်ပါတယ်၊ သို့မှသာ ရောင်းသူနဲ့ ဝယ်သူတွေ့ဆုံပြီး အဆင်ပြေနိုင်မှာပဲဖြစ်ပါတယ်။ နောက်တစ်ခုအနေနဲ့ ဘယ်တော့ Listed လုပ်မှာလဲ ဆိုတာကတော့ ၂၀၁၇ ခုနှစ်အတွင်းမှာ IPO Readiness သွားဖို့ကို ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်၊ ဒါကိုအရင်လုပ်ပြီးမှသာ Listed သွားရန်အစီအစဉ်ရှိပါတယ်၊" စသဖြင့် ဖြေကြားပေးခဲ့ပါသည်။

**အစီအစဉ် (၆) အရ** -၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့ဝင်များ နုတ်ထွက်ခြင်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာ အသစ်များရွေးချယ်ခန့်ထားခြင်းအား အတည်ပြုရာတွင်- အခမ်းအနားမှူး ဒေါ်ယုယုနိုင်မှ-

"၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် သင်းဖွဲ့စည်းမျဉ်း (၈၆)အရ ဒါရိုက်တာအဖွဲ့၏ (၃) ပုံ(၁) ပုံဖြစ်သော အဖွဲ့ဝင် (၄) ဦးမှ နုတ်ထွက်မည်ဖြစ်ပါတယ်၊ နုတ်ထွက်သောဒါရိုက်တာများမှာ ဦးထွန်းထွန်းနိုင်၊ ဦးမင်းဇေယျာလှိုင်၊ ဦးအောင်စိုးသာနှင့် ဦးရှိန်းသူအောင်တို့ဖြစ်ပါတယ်ရှင်၊ ၎င်း ဒါရိုင်တာအဖွဲ့ဝင် (၄)ဦးသာပြန်လည်အရွေးချယ်ခံသည့်အတွက် ၎င်းတို့ (၄)ဦးအားပြန်လည်ခန့်အပ်မည်ဖြစ်ပါတယ်၊ သို့ဖြစ်ပါ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာများအဖြစ် ဦးထင်အောင်နိုင်၊ ဦးမင်းဇေယျာလှိုင်၊ ဦးအောင်စိုးသာ၊ ဦးရှိန်းသူအောင်၊ ဦးမင်းဦး၊ ဦးသောင်းစုငြိမ်း၊ ဦးအောင်အောင်၊ ဦးဇော်မင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဦးမျိုးမြင့်ထွန်းနှင့် ဦးမျိုးမင်းဦးတို့အား ပြန်လည်ခန့်အပ်မည်ဖြစ်ပါတယ်ရှင်၊" ဟုပြောကြားပြီး တက်ရောက်လာကြသူ အစုရှယ်ယာရှင်များအား အခမ်းအနားမှူးမှ **"သဘောတူပါသလား"** ဟု သုံးကြိမ်တိတိ မေးမြန်းရာတွင် တက်ရောက်လာကြသူ အစုရှယ်ယာရှင်များအားလုံးမှ **"သဘောတူပါသည်"** ဟု သုံးကြိမ်တိတိ ပြန်လည်ဖြေကြားသဖြင့် ၎င်းဒါရိုက်တာ (၁၁)ဦးအား ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ရွေးချယ်ခန့်အပ်မည်ဖြစ်ကြောင်း ကြေငြာခဲ့ပါသည်။

၎င်းနောက် ဒါရိုက်တာအဖွဲ့ဝင်များအားလုံးမှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးကြပါသည်။

**အစီအစဉ်(၇) အရ** - ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ဒါရိုက်တာအဖွဲ့ဝင်များအားလုံး၏ ကိုယ်စား ဒါရိုက်တာ တစ်ဦး ဖြစ်သည့် ဦးထင်အောင်နိုင်မှ အမှာစကားပြောကြားရာတွင် -

"ကျွန်တော်များ BOD အဖွဲ့အနေနဲ့ ရှေ့ပိုင်းတွင် ပြောကြားခဲ့တာများအပြင် ထပ်မံပြောကြားချင်တာ ကတော့ IPO Readiness ကိုသွားပါ့မယ်၊ Independent Director (၂)ဦးကိုလည်း ခန့်အပ်သွားမှာဖြစ်ပါတယ်၊ ရှေ့လာမည့် AGM တွင်လည်း မိမိတို့ BOD အဖွဲ့ဝင်များအားလုံးနုတ်ထွက်ပြီး၊ အစုရှယ်ယာရှင်များထဲမှ စိတ်ပါဝင်စားသူများပါ အားလုံး ပြန်လည်အရွေးခံကြမှာပဲဖြစ်ပါတယ်၊ ရွေးတဲ့အခါမှာလည်း (၉) ဦးသာ ပြန်လည်ရွေးကောက်မှာဖြစ်ပြီး၊ Independent Director (၂)ဦး နှင့်ဆိုပါက စုစုပေါင်း (၁၁)ဦးပဲ ဖြစ်မှာဖြစ်ပါတယ်၊ နောက်တစ်ခုကတော့ အစုရှယ်ယာရှင်များအား Dividend ပေးမဲ့ကိစ္စဖြစ်ပြီး တွက်ချက်ထားချက်များအရ ရှယ်ယာရှင်များ ရင်းနှီးမြှုပ်နှံထားတဲ့ ငွေပမာဏရဲ့ ၅% ပေးမှာပဲဖြစ်ကြောင်း၊ လာမည့် နိုဝင်ဘာလအတွင်း ထုတ်ယူလို့ရမည့် နေ့ရက်အား ထုတ်ပြန်ကြေငြာပေးသွားမှာပဲဖြစ်ပါတယ်၊ ဒါ့အပြင် MNTH မှာလည်းပဲ မကြာမီ ထပ်မံ၍ ရင်းနှီးမြှုပ်နှံငွေ ထပ်မံ ထည့်ရတော့မှာဖြစ်လို့ Rights Issue အားလည်း ခေါ်ယူရတော့မှာပဲဖြစ်ပါတယ်၊ ဆိုတာပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။" ဟုပြောကြားသွားခဲ့ပါသည်။

**အစီအစဉ်(၈) အရ** - ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ်ရွေးချယ်ခန့်ထားခြင်း အစီအစဉ်တွင်၊ မြန်မာနည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်းလီမိတက်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အတွက် " Win Thin & Associate" အား ပြင်ပစာရင်းစစ်အဖြစ်ရွေးချယ်ခန့်ထားရန် တက်ရောက်လာကြသော အစုရှယ်ယာရှင်များသို့ **"သဘောတူပါသလား"** ဟု အခမ်းအနားမှူး ဒေါ်ယုယုနိုင်မှ သုံးကြိမ်တိတိမေးမြန်းရာ တက်ရောက်လာကြသူများ အားလုံးမှ **"သဘောတူပါ**သည်" ဟုသုံးကြိမ်တိတိပြန်လည်ဖြေကြားပြီး၊ ခန့်အပ်ကြောင်းအတည်ပြုကြေညာပါသည်။

**အစီအစဉ်(၉) အရ** - ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီး အောင်မြင်စွာ ပြီးဆုံးကြောင်း ကြေငြာပြီး အစည်းအဝေးကို ညနေ (၄း၀၀) နာရီတွင်ရုတ်သိမ်းခဲ့ပါသည်။

| အစည်းအဝေးမှတ်တမ်းတင်သူ | အတည်ပြုသူ |
| --- | --- |
| သူရ | ထင်အောင်နိုင် |
| Manager | Chairman |
| MTI Corporation | MTI Corporation |